# ဆေးတက္ကသိုလ်၊ မကွေး၏(၁)နှစ်တာအတွင်း ဆောင်ရွက်ခဲ့မှုများ

## ၁။ အုပ်ချုပ်ရေးဆိုင်ရာများ (Governance )

- ဆေးတက္ကသိုလ်၊မကွေး၏ အုပ်ချုပ်ရေးဆိုင်ရာ အမြင့်ဆုံးအဖွဲ့အစည်းဖြစ်သော တက္ကသိုလ်ပညာရေး အဖွဲ့(The Senate)နှင့် တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့ (Administrative Body)တို့ကို အသစ်ဖွဲ့စည်းပြီး တက္ကသိုလ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခဲ့ပါသည်။တက္ကသိုလ်ပညာရေး အဖွဲ့အစည်းအဝေး (၈)ကြိမ်၊ စီမံခန့်ခွဲရေးအဖွဲ့အစည်းအဝေး(၁၀)ကြိမ် ကျင်းပပြီး လုပ်ငန်းများဆောင်ရွက်နိုင်ခဲ့ ပါသည်။
- တက္ကသိုလ်၏ စီမံခန့်ခွဲရေးဆိုင်ရာလုပ်ငန်းကော်မတီ၊ Research Culture development Committee, Core Curilum Review Committee, ဘာသာရပ်ဆိုင်ရာသင်ကြားရေး ကော်မတီများ၊ Ethic Review Committee, IT Development Committee, စုပေါင်း ဓါတ်ခွဲခန်း(Common Research Laboratory) ကြီးကြပ်ရေးကော်မတီ၊ Library Development Committee, အားကစားကော်မတီများ၊ ပညာသင် ထောက်ပံ့ရေးကော်မတီများ၊ အဆောင်စည်းကမ်းထိန်းသိမ်းရေးကော်မတီ၊ သယ်ယူပို့ဆောင်ရေး ကော်မတီ၊ လုံခြုံရေးရာကော်မတီများ၊ ဌာနတွင်း ငွေစာရင်းစစ်ဆေးရေး ကော်မတီများ၊ လူမှုရေး အသင်းအဖွဲ့များ အစရှိသဖြင့် ဖွဲ့စည်း၍ တက္ကသိုလ်အုပ်ချုပ်ရေးပိုင်းကို ဆောင်ရွက်ခဲ့ပါသည်။
- တက္ကသိုလ်၏ Vision, Mission, Outcomesများ အသစ်ရေးဆွဲနိုင်ခဲ့ပါသည်။ Core Value အဖြစ် ပညာ(Wisdom)၊ သိက္ခာ(Integrity)၊ ဂရုဏာ(Compassion)ဟူ၍ သတ်မှတ်နိုင် ခဲ့ပါသည်။
- Quality Management System ကို WFME နှင့် MMCAC guide line အတိုင်း ရေးဆွဲပြီး ဆောင်ရွက်လျက်ရှိပါသည်။
- University Charter ကို ရေးဆွဲထားရှိနိုင်ခဲ့ပါသည်။
- Student Union နှင့် Teacher Union များ ဖွဲ့စည်းဆောင်ရွက်နိုင်ခဲ့ပါသည်။

## ၂။ <u>သင်ကြားရေးဆိုင်ရာဆောင်ရွက်မှုများ (Academic)</u>

### <u>ဘွဲ့ကြိုကိစ္စရပ်များ (Undergraduate)</u>

- ပုံမှန် 1st M.B.,B.S (12/2018) ၊ 2nd MB.,B.S(1/2018) နှင့် (1/2019)၊ 3rd M.B.,B.S ၊ Final Part I၊ Final Part II (6/2018)သင်တန်းများ၊ Final Part II (6/2017) နောက်ဆက်တွဲ သင်တန်းများ

ဖွင့်လှစ်သင်ကြားခြင်း၊ Debar Board လုပ်ဆောင်ခြင်း၊ Exam Board ပြုလုပ်၍ အောင်စာရင်းများ ထုတ်ပြန်ခြင်းကို ဆောင်ရွက်ခဲ့ပါသည်။

- အလုပ်သင်ဆရာဝန်သင်တန်းများ (၆/၂၀၁၈), (၁/၂၀၁၉), (၆/၂၀၁၉) နှင့် (၁/၂၀၂၀) တို့ကို Skill Training သင်တန်း၊ Community Medicine သင်တန်းများကို ဖွင့်လှစ် ဆောင်ရွက်ခဲ့ ပါသည်။

- (၁၄)ကြိမ်မြောက်ဘွဲ့နှင်းသဘင်ကို (၉-၃-၂၀၁၉)ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပြီး M.B.,B.S ဘွဲ့ရ (၂၅၉)ဦး၊ ဆေးပညာမဟာသိပ္ပံ(၅၄)ဦးနှင့် ဆေးပညာဒီပလိုမာ(၁)ဦးတို့ကို ပေးအပ် ချီးမြှင့်ခဲ့ပါသည်။

- ပုံမှန် 2nd M.B.B.S (1/2019) ၊ (12/2019) ၊ 3rd M.B.,B.S, Final Part I ၊ Final Part II (6/2019)သင်တန်းများ၊ Final Part II(6/2018) (နောက်ဆက်တွဲ) သင်တန်းများ ဖွင့်လှစ်သင်ကြားခြင်း၊ Debar Board လုပ်ဆောင်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

- Outcome based Integrated Curriculum ကို ၂၀၂၀ ပြည့်နှစ်တွင် ဖွင့်လှစ်နိုင်ရန်အတွက် CCICD အဖွဲ့ဝင်များနှင့် ဆေးတက္ကသိုလ်(၅)ကျောင်းတို့ ပူးပေါင်းရေးဆွဲခဲ့ပါသည်။

- Foundation Year သင်ကြားရာတွင် လိုအပ်သည့် သင်ထောက်ကူ ပစ္စည်းများအတွက် လိုအပ်ချက်များကို မိမိတက္ကသိုလ်၏ ခွင့်ပြုချက်ဘောင်အတွင်းမှ အတတ်နိုင်ဆုံးပြည့်မီအောင် သက်ဆိုင်ရာဌာနမှူးများ သင်ကြားရေးဆရာ/ဆရာမများ၊ စီမံဝန်ထမ်းများနှင့် ညှိနှိုင်း၍ ပြင်ဆင်ထားနိုင်ခဲ့ပါသည်။
- Outcome based Integrated Curriculum ဖြင့် Foundation Yearကို (၁၂/၂၀၁၉)မှစ၍ ဖွင့်လှစ် သင်ကြားနိုင်ခဲ့ပါသည်။ Foundation Year အတွက် Student Guide စာအုပ်များ ထုတ်ဝေနိုင်ခဲ့ပါသည်။

- Integrated Curriculumဖြင့် Year (1)မှ Year(5)အထိ သင်ကြားနိုင်ရေးအတွက် လိုအပ် သော Curriculum ရေးဆွဲခြင်းများကို Video Conferencing များလုပ်ခြင်း၊ Workshop များ တက်ရောက်ခြင်းများကို ဆောင်ရွက်ခဲ့ပါသည်။

- သင်ကြားရေးဆရာ/ဆရာမများနှင့်အတူ Teaching Learning Methodology (TBL, Small Group Teaching) နှင့် Assessment တို့အတွက် Workshopများ ရန်ကုန်၊ မန္တလေးတို့တွင် တက်ရောက်ခဲ့ပါသည်။

- အလုပ်သင်ဆရာဝန်များ လေ့ကျင့်သင်ကြားမှုအတွက် Guide Line for House Officer Training အသစ်ကိုရေးဆွဲရာတွင် မြန်မာနိုင်ငံဆေးကောင်စီအဖွဲ့နှင့်အတူ ပါဝင်ရေးဆွဲ နိုင်ခဲ့ပါသည်။

- House Officer Trainingအတွက် သင်ကြားရေးဆေးရုံကြီးများရှိ အထူးကုဆရာဝန်ကြီး များ TOT Training ပေးခြင်းများ ဆောင်ရွက်နိုင်ခဲ့ပါသည်။
- Early Clinical Exposure အတွက် PPD Program အဖြစ် Foundation Year Student များကို ဆေးရုံများသို့ လေ့လာရေးစေလွှတ်ပြီး စာတမ်းများရေးသားခြင်း ဆောင်ရွက်ခဲ့ပါသည်။

**<u>ဘွဲ့လွန်ကိစ္စရပ်များ (Postgraduate)</u>**

- ဘွဲ့လွန်သင်ကြားရေးဆိုင်ရာကိစ္စများအတွက် ဘာသာရပ်ဆိုင်ရာသင်ကြားရေးအဖွဲ့များနှင့် Main PG (ဘွဲ့လွန်ဆေးပညာ သင်ကြားရေးဗဟိုကော်မတီ) အစည်းအဝေးများကျင်းပပြီး ဘွဲ့လွန် သင်ကြားရေး ဆိုင်ရာများ၊ ရွေးချယ်ရေးဆိုင်ရာကိစ္စများ ဆောင်ရွက်နိုင်ခဲ့ပါသည်။
- (၁/၂၀၂၀)အတွက် ဆေးပညာမဟာသိပ္ပံသင်တန်း(၁၆)ခု၊ သင်တန်းသား (၆၈)ဦးတို့ကို ရွေးချယ်၍ သင်တန်းဖွင့်လှစ်နိုင်ခဲ့ပါသည်။
- ဆေးလက်တွေ့အခြေခံပါရဂူ Ph.D သင်တန်း(၅)ခု၊ ဆေးလက်တွေ့ပါရဂူဘွဲ့ Dr.Med.Sc သင်တန်း(၄)ခု ဖွင့်လှစ်ပို့ချနိုင်ခဲ့ပါသည်။ ယခုနှစ်အတွင်း အသစ်အနေဖြင့် Dr.Med.Sc (Paediatric), Dr.Med.Sc(Histopathology)နှင့် Dr.Med.Sc(Chemical Pathology) တို့ကို ဖွင့်လှစ်နိုင်ခဲ့ပါသည်။
- (၁/၂၀၂၀)အတွက် Ph.D နှင့် Dr.Med.Sc သင်တန်းသား (၃)ဦးတို့ကို ရွေးချယ်၍ သင်တန်း ဖွင့်လှစ်နိုင်ခဲ့ပါသည်။
- ဆေးတက္ကသိုလ်၊ မကွေးတွင် လက်ရှိ ဆေးပညာမဟာသိပ္ပံ ဘွဲ့လွန်သင်တန်းသား(၁၈၃)ဦး၊ ပါရဂူဘွဲ့လွန်သင်တန်းသား(၁၀)ဦး ပညာသင်ကြားလျက်ရှိပါသည်။
- ဘွဲ့လွန်သင်ကြားရေးတွင် နိုင်ငံတကာနှင့် ချိတ်ဆက်၍ Ph.D, M.Sc, Diploma နှင့် Short Term Training များ စေလွှတ်နိုင်ခဲ့ပါသည်။

## ၃။ <u>စီမံရေးရာဆောင်ရွက်ချက်များ(Administrative)</u>

### <u>တည်ဆောက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များ</u>

- ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ငွေလုံးငွေရင်း ကျပ်သန်းပေါင်း (၅၂၂.၉၆၀)ဖြင့် ဝန်ထမ်း အိမ်ယာ (၄)ထပ်ဆောင် ဆောက်လုပ်ခြင်း၊ စာသင်ဆောင် A နှင့် B ရှိ စာသင်ခန်း (၅, ၆)

(၇, ၈) အကြီးစား ပြုပြင်မွမ်းမံခြင်း၊ စက်ရေတွင်းများ မွမ်းမံခြင်းကိုလည်း တင်ဒါလုပ်ထုံး လုပ်နည်းနှင့်အညီ ဆောင်ရွက်ခဲ့ပါသည်။

- ဆေးတက္ကသိုလ်၊ မကွေး ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ငွေလုံး ငွေရင်း အသုံးစရိတ်ခွင့်ပြုရံပုံငွေဖြင့် သင်ကြားရေးဌာနစိတ်အသီးသီးအတွက် လိုအပ်လျှက်ရှိသော ဆေးဘက်ဆိုင်ရာ သင်တန်းသုံးပစ္စည်း ကျပ်(၂၁.၁၄၃)သန်း၊ လျှပ်စစ်ပစ္စည်း ကျပ်(၁၄၆.၈၀၆)သန်း၊ အရပ်ရပ်သုံးပစ္စည်း (၃၃.၅၉၅)သန်း၊ ရုံးသုံးစက်ကိရိယာ ပစ္စည်းကျပ်(၂၁.၄၈၁)သန်း၊ ရုံးသုံး ပရိဘောဂပစ္စည်း ကျပ်(၁၅.၇၄၅)သန်း၊ e-government လုပ်ငန်း ကျပ်(၃၅.၈၀၀)သန်းနှင့် Chemical ပစ္စည်း ဝယ်ယူခြင်း (၅.၀၀၀)သန်း ဝယ်ယူ ဆောင်ရွက်ခြင်း လုပ်ငန်းများကိုလည်း တင်ဒါလုပ်ထုံး လုပ်နည်းနှင့် အညီ ဆောင်ရွက်ခဲ့ပါသည်။
- ၂၀၁၉-၂၀၂၀ ပြည့်နှစ် ဘဏ္ဍာရေးနှစ်အတွင်း သာမန်အသုံးစရိတ်ဖြင့် ပထမနှစ် စာသင်ဆောင်များ၊ နိမ့်လျော့စာသင်ဆောင်များ၊ သုံးထပ်စာသင်ဆောင်များ၊ ဘွဲ့နှင်းသဘင်နှင့်ဧည့်ရိပ်သာ၊ အရာရှိအိမ်ရာများ၊ ဝန်ထမ်းအိမ်ရာများ၊ ကျောင်းသား/သူ အဆောင်များ ပြုပြင်ခြင်းများကို ဆောင်ရွက်ခဲ့ပါသည်။
- ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ပြင်ဆင်ထိန်းသိမ်းခြင်းအနေဖြင့် အောင်ဆန်းဆောင် ကွန်ကရစ်ခင်းခြင်း၊ Bloc – C စတိတ်ခုံ ဆေးသုတ်ခြင်း၊ မြေစိုက်အိမ်ရာရှိ အိမ်ရာများပြုပြင်ပေးခြင်း ဘွဲ့နှင်းသဘင်ရှေ့ရေပန်း အပိုင်းများပြုပြင်ခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်ခဲ့ပါသည်။
- ဆေးတက္ကသိုလ်၊ မကွေးရှိ ရန်ပုံငွေအသုံးစရိတ်မှလည်း ဖန်ခါးရင်ခွင်ဆောင်၊ ပုညဆောင်ရှေ့ ဆိုင်ကယ်ရပ် နားဆောင် ဆောက်လုပ်ခြင်း၊ ဖန်ခါးရင်ခွင် အမျိုးသမီး ဆောင်၊ ဂိတ်တဲဆောက်လုပ်ခြင်း၊ ပုညဆောင်၊ အောင်ဆန်းဆောင်ရှိ ရေဆိုးမြောင်းများ ပြုပြင်ခြင်း၊ အောင်ဆန်းဆောင် ရေတွင်းရေတင်ပိုက်များပြုပြင်ခြင်း၊ ဘောလုံးကွင်းတွင် ပွဲကြည့်စင် ဆောက်လုပ်ခြင်း၊ ကျောင်းသား/သူ အဆောင်ရှိ ကျိုးပဲ့နေသော ကုတင်နှင့် စားပွဲခုံများ ပြုပြင်ခဲ့ပါသည်။ ကျောင်းသား/သူဆောင် အဝင်ချဉ်းကပ်လမ်းများကိုလည်း ကွန်ကရစ်ခင်းပေးနိုင်ခဲ့ပါသည်။ စာသင်ဆောင် Bloc-A တွင် လုံခြုံရေးအတွက် သံပန်းကာရံခြင်းကို ငွေအကုန်အကျအနည်းဆုံးနှင့် အကောင်းဆုံး ဖြစ်အောင် စီစဉ်ဆောင်ရွက်နိုင်ခဲ့ပါသည်။

- ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ယခင်နှစ်မှ Carry Overအဖြစ် တည်ဆောက်လျက်ရှိသော ဝန်ထမ်းအိမ်ယာ (၄)ထပ်ဆောင် ဆောက်လုပ်ခြင်းကို ဆက်လက် ဆောင်ရွက်လျက်ရှိပါသည်။
- ၂၀၁၉-၂၀၂၀ ပြည့် ဘဏ္ဍာနှစ်အတွင်း ခွင့်ပြုချက်ရရှိထားသော တည်ဆောက်ရေးလုပ်ငန်းဖြစ်သည့် စာကြည့်တိုက် ဆောက်လုပ်ရေးလုပ်ငန်း၊ ဧည့်တွေ့ဆောင် ဆောက်လုပ်ခြင်း၊ စက်ရေတွင်းပြုပြင်မွမ်းမံခြင်းကိုလည်း တင်ဒါလုပ်ထုံး လုပ်နည်းများနှင့်အညီ ရွေးချယ်ပြီး ဖြစ်ပါသည်။

**<u>စည်းကမ်းထိန်းသိမ်းရေးကိစ္စရပ်များ</u>**

- အဆောင်စစ်ဆေးရေးအဖွဲ့များ ဖွဲ့၍ ကျောင်းသား/သူဆောင်၊ ဝန်ထမ်းဆောင်များနှင့် စားသောက်ဆိုင်များကို (၂)ပတ်တစ်ကြိမ် ပုံမှန်စစ်ဆေး၍ တွေ့ရှိချက်များကို တတ်နိုင်သမျှ အမြန်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါသည်။
- အဆောင်နည်းပြများမှ ညစဉ် Roll Call ခေါ် လူစစ်ခြင်း၊ ညရေးညတာကိစ္စများ လိုက်ပါကြပ်မတ်စေခြင်းများ ဆောင်ရွက်နိုင်ခဲ့ပါသဖြင့် အဆောင်စည်းကမ်းပိုင်းပါ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။
- ဆေးတက္ကသိုလ်၊မကွေး အဝင်အထွက် ဂိတ်တံခါးမှတ်တမ်း (ညအထွက်) ထားရှိခြင်းဖြင့် မလိုလား အပ်သော ဝင်ထွက်သွားလာမှုများကို ဟန့်တားနိုင်ခဲ့ပါသည်။
- ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများ လိုက်နာအောင် ဆရာ/ဆရာမများ၊ ဝန်ထမ်းများအား ဟောပြောပို့ချခြင်းများ ပြုလုပ်ခဲ့ပါသည်။

## ၄။ အင်တာနက်၊ သတင်းအချက်အလက်နှင့် စာကြည့်တိုက်ဆိုင်ရာလုပ်ငန်းများ

## (Information Technology & E–Library)

- UMMG Website နှင့် Facebook Page ကိုဖွင့်လှစ်၍ ပုံမှန် Update လုပ်ခြင်းဖြင့် ဆေးတက္ကသိုလ်၊ မကွေးအား မြန်မာနှင့် ကမ္ဘာအရပ်ရပ်မှသိအောင် လုပ်ဆောင်လျက်ရှိပါသည်။ ကျောင်းသား/သူများ Pre-Reading ပြုလုပ်နိုင်ရန်အတွက် အတန်းလိုက်သင်ခန်း စာများ၊ အချိန်စာရင်းများ၊ စားမေးပွဲ Resultထုတ်ပြန်ကြေညာခြင်းများကို လုပ်ဆောင် နိုင်ခဲ့ပါသည်။

- Wifi access point (44)ခုကို တပ်ဆင်၍ Foundation Year မှစ၍ ကျောင်းသား/သူများ အသုံးချနိုင်အောင် စာသင်ခန်းများ၊ Library၊ နားနေခန်းများအထိ ရရှိအောင် ဆောင်ရွက်ခဲ့ပါသည်။
- Network Upgrading အနေဖြင့် Block-A, Block-C, ဌာနစိတ်များတွင် စက်ပစ္စည်းသစ်တပ်ဆင်ခြင်း၊ Server အသစ်တပ်ဆင်ခြင်းများ ပြုလုပ်နိုင်ခဲ့ပါသည်။
- (Integrated Curriculum)အတွက် ၂၀၁၈–ခုနှစ်မှ စတင်ပြီး **Foundation Year ပထမနှစ် စာသင်ဆောင်များတွင် သီးသန့် Free WiFi အသုံးပြုခွင့်** ပေးထားပါသည်။
- Video Conferencing, Document Management System (EDMS), Student Management System, Staff Management System, Exam Management System များ စီစဉ်ဆောင်ရွက်နိုင်ခဲ့ပါသည်။
- Online Examination ကို Orthopaedic Departmentအတွက် ပြုလုပ်ပေးနိုင်ခဲ့ပါသည်။

## ၅။ <u>နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်နေမှုများ (International Collaboration)</u>

- Australia နိုင်ငံ၊ Sydney Medical School သို့ ၂၀၁၉-ပညာသင်နှစ်အတွက် ဆေးတက္ကသိုလ်၊ မကွေးမှ House Officer (၁)ဦးကို Students exchange အဖြစ် (၁)လကြာ လေ့လာရေး စေလွှတ်နိုင်ခဲ့ပါသည်။
- Japan နိုင်ငံ၊ Okayama University သို့ Student Exchange Program ဖြင့် ကျောင်းသား/သူ (၃)ဦး စေလွှတ်နိုင်ခဲ့ပါသည်။
- 8th ASEAN Medical Dean'Summit 2019, Brunei သို့ ပါမောက္ခချုပ်နှင့်အတူ ကျောင်းသား(၂)ဦး တက်ရောက် နိုင်ခဲ့ပါသည်။
- Sydney Medical Schoolမှ နောက်ဆုံးနှစ်ကျောင်းသား(၂)ဦး သည် ဆေးတက္ကသိုလ်၊မကွေးသို့ Elective Program တစ်လ လာရောက်သင်ကြားပါသည်။
- Pekin Medical University တွင် ကျင်းပသည့် China ASEAN Consortium အစည်းအဝေးသို့ ဆေးတက္ကသိုလ်၊မကွေးမှ တက်ရောက်ခဲ့ပါသည်။
- 6th Annual Nation Health Professional Education Reform Forum ထိုင်းနိုင်ငံသို့ ကျောင်းသူ (၁)ဦး တက်ရောက်နိုင်ခဲ့ပါသည်။

- NIES University (Japan)နှင့် Environmental Health Research Collaboration ပြုလုပ်ရန် (LOA)ရေးထိုးနိုင်ရန် ဆွေးနွေးနိုင်ခဲ့ပါသည်။

## ၆။ သုတေသနဆိုင်ရာဆောင်ရွက်ချက်များ(Research Culture Development)

- ဘွဲ့လွန်သင်တန်းများ၏ သုတေသနဆိုင်ရာ Protocol Board Meeting များ ဆွေးနွေး ခြင်း၊ Thesis နှင့် Dissertation များကို ဖတ်ကြား အတည်ပြုရာတွင် ပါဝင်ခြင်းတို့ဖြင့် Misconduct မဖြစ်စေရန်နှင့် သုတေသနစာတမ်းကောင်းများ ရရှိစေရန် ဆောင်ရွက်ခဲ့ ပါသည်။
- ယခုအခါ ဝန်ကြီးဌာန၏ အားပေးမှုဖြင့် Research Ethics and Responsible Conduct of Research Workshop များကို  Faculty အတွက် (၁)ကြိမ်၊ Researcher အတွက် (၂)ကြိမ်၊ စုစုပေါင်း(၃)ကြိမ် ကျင်းပ၍ RCR Knowledge ကို Researcher များသို့ ဖြန့်ဝေ ပေးလျက်ရှိပါသည်။
- ပထမအကြိမ် Research Culture Dayကို ကျင်းပနိုင်ခဲ့ပြီး Poster Presentation (၁၉)ခု၊ Paper Presentation (၁၆)ခု ကို တင်သွင်းနိုင်ခဲ့ပါသည်။
- ဆေးတက္ကသိုလ်၊ မကွေး၏ Ethics Review Committee ကို ဖွဲ့စည်း၍ Ph.D နှင့် Dr.Med.Sc သင်တန်းများ၊ Departmental Research များ၏ သုတေသန စာတမ်းများကို ERC အစည်းအဝေး ပြုလုပ်၍ စီစစ်အကဲဖြတ် ခွင့်ပြုချက်ပေးခဲ့ပါသည်။
- Ethics & Professionalism ကို Foundation Yearမှစ၍ Curriculum တွင် ထည့်သွင်းနိုင်ရန် ရေးဆွဲ ဆောင်ရွက်ခဲ့ပါသည်။

## ၇။ သင်ကြားရေးဆရာများ သင်တန်းပေးခြင်း (Faculty Development)

### သင်ကြားရေးဆရာ/ဆရာမများ သင်ကြားမှုဆိုင်ရာ တိုးတက်မှုအတွက် သင်တန်းများပို့ချခြင်း

- Awarness Raising Workshop on Medical Education
- Workshop on Team-Base Learning(TBL), Assessment, Teaching Learning Methodology များ Workshop on Primary Trauma Care(Orthopaedic)
- Training on International Paediactric Epilepsy, BPNA, UK
- Self-Assessment Report (SAR) Workshop, Writing of SAR according to MMCAC Guide Lines
- Workshop on Gynaecological laproscopice live surgery (OG)
- Inter-professional Education workshop (IPE) Phase I and IPE Phase II

- CV Writing and Digital Literacy Training by Daw Sandar Lin, Communication officer,
- Workshop on Internal Auditor Training
- Skill Lab training on Undergraduate students and Cadaveric Training on Anatomy Teaching by Mr.CR Constant, Cambridge University
- Workshop on Emergency in Anaesthesia (EIA) Course
- Computer Skill Training for faculty and Staff
- Training on Exam Management System for faculty
- Responsible conduct of Research Workshop

## ၈။ ဟောပြောပွဲများ ( Lunch Time Talks )

- ဒုတိယညွှန်းကြားရေးမှူးချုပ် (အငြိမ်း) Dr.သန်းထွဋ်မှ Way Forwards ။
- စာကြည့်တိုက်မှူး ဒေါ်လှလှဝင်းနှင့် ဌာနစုမှူး(ကွန်ပျူတာ)ဒေါ်မို့မို့ဇင်မာမှ သုတေသန စီမံချက်များစာရင်း Register ပြုလုပ်ခြင်း။
- မော်တော်ဆိုင်ကယ် ယာဉ်မောင်းလိုင်စင် ထုတ်ပေးခြင်းနှင့် ယာဉ်စည်းကမ်းများ၊ ယာဉ်အန္တရာယ် ကြိုတင်ကာကွယ်ခြင်းများနှင့် ပါတ်သက်တဲ့ ဟောပြောပွဲ။
- ပါမောက္ခဦးနေဝင်းမှ Real Time PCR ။
- သွေးနှင့်သွေးလှူဒါန်းသူများသိကောင်းစရာအကြောင်းအရာကို ပါမောက္ခချုပ် ဒေါက်တာဌေးလှမှ ပြောကြားခြင်း။
- Professor နေစိုးမောင်မှ ဆေးလိပ်၊ မူးယစ်ဆေး ကင်းစင်ရေးအကြောင်း ဟောပြောခြင်း။
- စာကြည့်တိုက်မှူး ဦးစိုးမြင့်အောင်မှ How to search online literature ။
- ပါမောက္ခဒေါက်တာဦးနေဝင်းမှ Real time PCR Application & troubleshooting Lunch Time Talk Myanmar Zircaon Co,ltd Rotor-Gene Q (Real Time PCR) Demonstration
- One Nanodrop Spectropmeter အသုံးပြုပုံကို Delta Science Co,Ltd မှ သရုပ်ပြခြင်းများကို ကျင်းပနိုင်ခဲ့ပါသည်။

## ၉။ လူမှုရေး၊ ဘာသာရေး၊ ပြပွဲပြိုင်ပွဲများ (Extra Curriculum Activities)

- ဆေးတက္ကသိုလ်၊မကွေး ကမ်းဆင့်လက်များနှင့် Nature Lover အဖွဲ့များ၏ ပြည်သူလူထုအား ကွင်းဆင်းကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ကျန်းမာရေးအသိပညာပေးဟောပြောခြင်းကို (၅)ကြိမ် ပြုလုပ်နိုင်ခဲ့ပါသည်။
- တက္ကသိုလ်ဝန်းအတွင်း ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများ အသုံးမပြုရေးအတွက် စည်းရုံးလှုံ့ဆော်မှု။

- တက္ကသိုလ် ကျောင်းသားများနှင့် ဝန်ထမ်းများအား ဘီးပိုးရှိ/မရှိ စစ်ဆေးပေးခြင်း၊ (ဘီ) ရောဂါပိုး ကာကွယ်ဆေးထိုးပေးခြင်း။
- (၁၈)ကြိမ်မြောက်နှင့် (၁၉)ကြိမ်မြောက် ကထိန်သင်္ကန်းကပ်လှူပွဲ ကျင်းပခြင်း။
- ဒုတိယအကြိမ်နှင့် တတိယအကြိမ်မြောက် မြန်မာ့ရိုးရာ ထမင်းနဲထိုးပြိုင်ပွဲများ ပြုလုပ်ခြင်း။
- နှစ်ကူးအတာသင်္ကြန်အကြိုပွဲတော် ပြုလုပ်ခြင်း။
- အစဉ်အလာမပျက် ဗုဒ္ဓဘာသာအသင်းမှ ကြီးမှူးပြီး (၁၉)ကြိမ်မြောက် ဒုလ္လဘရဟန်းခံပွဲ ချမ်းမြေ့ရိပ်သာ ကျောင်း၌ ကျင်းပခြင်း။
- ကဆုန်လပြည့်နေ့ မြသလွန်ဘုရားမှာ ဗုဒ္ဓဘာသာအသင်းမှကြီးမှူး၍ ကဆုန်ညောင်ရေသွန်း လောင်းခြင်းနှင့် ဆွမ်းဆန်စိမ်းလောင်းလှူခြင်း။
- မကွေးတိုင်းပြည်သူ့ဆေးရုံကြီးတွင် စုပေါင်းသွေးလှူဒါန်းပွဲပြုလုပ်ခြင်း။
- နဝမအကြိမ်ပါမောက္ခချုပ်ဖလား အတန်းလိုက် (အမျိုးသား)ဘောလုံးပြိုင်ပွဲ ကျင်းပခြင်း။
- မကွေးဇုံ တက္ကသိုလ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲတွင် ပထမအကြိမ် ချန်ပီယံဒိုင်း ဆုဖလားရရှိခြင်း။
- ဗုဒ္ဓဘာသာအသင်းမှကြီးမှူးသော အဘိဓမ္မာသင်တန်း ဖွင့်လှစ်ခြင်း။
- မြန်မာစာစွမ်းရည် အရေးအပြောအရွတ်အဖတ် စွမ်းရည်ပြိုင်ပွဲ ကျင်းပခြင်း။
- မိုးရာသီသစ်ပင်စိုက်ပွဲ အခမ်းအနား ကျင်းပခြင်း။
- ပါချုပ်ဖလား(အမျိုးသား) ဖူဆယ်ဘောလုံးပြိုင်ပွဲ ကျင်းပခြင်း။
- UMMG ပံ့ပိုးသည့် သီတင်းကျွတ်မီးထွန်းပွဲတော် ကျင်းပခြင်း။
- ၁၉ နှစ်ပြည့် ကြွေရတုအကြို တက္ကသိုလ်မွေးနေ့ ကျင်းပခြင်း။
- လွတ်လပ်ရေးနေ့ အထိမ်းအမှတ် လမ်းလျှောက်ပြိုင်ပွဲနှင့် အားကစားပြိုင်ပွဲများကျင်းပခြင်း။
- ကျောင်းသားသမဂ္ဂက ဦးစီး၍ ပထမအကြိမ်မြောက် အမျိုးသမီးဖူဆယ်ဘောလုံးပြိုင်ပွဲကို ကျင်းပခြင်း
- ပထမအကြိမ်အမြောက် ထေရဝါဒ အထူးဓမ္မသဘင်ကို Oxford ပါမောက္ခချုပ် ဆရာတော် ဒေါက်တာအရှင် ဓမ္မသာမိ မှ The Benefits of compassion in daily life ခေါင်းစဉ်ဖြင့် တရားဟောကြားခဲ့ခြင်း။
- ဒီဇင်ဘာလ စုပေါင်းလမ်းလျှောက် အားကစားပွဲကို ပါမောက္ခချုပ်၊ ဆရာ/ဆရာမ၊ ကျောင်းသား/သူ များပါဝင်ဆင်နွဲခြင်း။
- မြန်မာနိုင်ငံဆရာဝန်အသင်း (မကွေးတိုင်းဒေသကြီး)၏ (၁၀)ကြိမ်မြောက် ဆရာဝန်ညီလာခံကို ဆေးတက္ကသိုလ်၊မကွေး၌ ကျင်းပခြင်း များကို ပြုလုပ်နိုင်ခဲ့ပါသည်။

## ၁၀။ လှူဒါန်းခြင်း

- Myanmar American Medical Education Society (MAMES)မှ စာကြည့်တိုက် အတွက် လိုအပ်သည့် စာအုပ်/တမ်းများ ပေးအပ်လှူဒါန်းခြင်း။

- မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (ဗဟို) နှင့် အမျိုးသမီးရေးရာအသင်း (ဗဟို)တို့မှ ကျောင်းသားများအတွက် ပညာသင်ထောက်ပံ့ကြေးများ လှူဒါန်းခြင်း။

## ၁၁။ တက္ကသိုလ်ဝန်းကျင် သာယာလှပရေး (University Environment)

- ကျယ်ဝန်းသော တက္ကသိုလ်ပုရဝုဏ်အတွင်း သာယာလှပရန်နှင့် ခြံနွယ်များ၊ အမှိုက်များ၊ ကင်းစင်ရန် အတွက် အမှိုက်ကောက်ပွဲများ ပြုလုပ်ခြင်း၊ ချုံရှင်းခြင်း၊ သစ်ပင်ပန်းမံများ စိုက်ပျိုးခြင်း ပြုလုပ်ပါသည်။
- တက္ကသိုလ်အတွင်း လမ်းနာမည်များ ကင်မွန်းတပ်ခြင်း၊ လမ်းညွှန်မြေပုံများ ပြုလုပ်ခြင်းများကို ဆောင်ရွက်ခဲ့ ပါသည်။ စားသောက်ဆိုင်များစနစ်တကျနှင့် သန့်ရှင်းသပ်ယပ်စွာ ရောင်းချနိုင်ရေး အတွက် ကျန်းမာရေး စစ်ဆေးခြင်းများ စနစ်တကျ အမှိုက်စွန့်ပစ်ခြင်းများကို ဆောင်ရွက်ခဲ့ပါသည်။

# ဆေးတက္ကသိုလ်၊ မကွေး၏(၁)နှစ်တာအတွင်း ဆောင်ရွက်ခဲ့မှု မှတ်တမ်းဓါတ်ပုံများ



ပညာရေးအစည်းအဝေးကျင်းပစဉ် (၁.၈.၂၀၁၉)



စီမံအစည်းအဝေးကျင်းပစဉ် (၁၆.၅.၂၀၁၉)




ဆေးပညာသင်ကြားရေး အလုပ်ရုံဆွေးနွေးပွဲ
ကျင်းပစဉ် (၈.၁.၂၀၂၀)



Sefl-Assessment Report Workshop

(25.4.2019)



Skill Lab Training by Professor C
(31.1.2020)



Meeting with NIES, Japan
(21.1.2020)



IPE Workshop
( 10.8.2019)



Gynaecological Laparoscopic Workshop
( 4.8.2019)



Molecular Research Laboratory Opening Ceremony ( 16.8.2019)



10th MMA, Magway Conference
(8.2.2020)



ကထိန်ပွဲ ကျင်းပခြင်း (၈.၁၁.၂၀၁၉)



တရားပွဲ ကျင်းပခြင်း (၃၁.၁.၂၀၂၀)



၁၉ကြိမ်မြောက် ကျောင်းမွေးနေ့




အမျိုးသမီးဖူဆယ်ဘောလုံးပြိုင်ပွဲ
(၂၄-၁-၂၀၂၀)



စာပေဟောပြောပွဲ (၁၇.၁၂.၂၀၁၉)



ကမ်းဆင့်လက်များအဖွဲ့ကွင်းဆင်းခြင်း
(၆.၁၀.၂၀၁၉)



မြန်မာ့ရိုးရာသင်္ကြန်ပွဲ (၄.၄.၂၀၁၉)



ဝန်ထမ်းအိမ်ယာ (၄)ထပ်ဆောင်
ဆောက်လုပ်ခြင်း (၁၆.၁၁.၂၀၁၉)



Sydney Medical School မှ Elective Programလာရောက်သင်ကြားစဉ် (၆.၁.၂၀၂၀)




၁၄-ကြိမ်မြောက်ဘွဲ့နှင်းသဘင် (၉.၃.၂၀၁၉)



မိုးရာသီ သစ်ပင်စိုက်ပျိုးခြင်း (၃၁.၇.၂၀၁၉)



အဘိဓမ္မာသင်တန်းပို့ချခြင်း (၂၉.၈.၂၀၁၉)



ကွန်ပျူတာသင်တန်း သင်ကြားနေစဉ် (၉.၁၀.၂၀၁၉)




မကွေးဇုံ တက္ကသိုလ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမဒိုင်းဆုရရှိခြင်း (၆.၈.၂၀၁၉)